# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

**September 9, 2024** **Volume 82, Number 6**


**၉.၉.၂၀၂၄**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၉.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၇.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၇.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၁၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၀.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၈၂၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ပို့ကုန်မူဝါဒဖြေလျှော့ပေးပြီးနောက်ပိုင်း ပြည်ပဆန်တင်ပို့မှုမြင့်တက်လာ



ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ ဗဟိုဘဏ်မှသတ်မှတ်နှုန်းထားအတိုင်း နိုင်ငံတော်သို့ပေးသွင်းရန် ဖြေလျှော့သတ်မှတ်ပေးပြီးနောက်ပိုင်း ပြည်ပဆန်တင်ပို့မှု မြင့်တက်လာကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဖော်ပြထားသည့်စာရင်းများအရ သိရသည်။

ယခုဘဏ္ဍာနှစ်၏ ငါးလတာကာလအတွင်း ပြည်ပသို့ဆန်တန်ချိန် ၇ သိန်းကျော် တင်ပို့ထားပြီး ဝင်ငွေအနေဖြင့် ကန်ဒေါ်လာ ၃၅၃ သန်း ရရှိထားကြောင်းသိရသည်။ ထို့ပြင် ပြည်ပဆန်တင်ပို့မှုအနေဖြင့် ဩဂုတ်လတွင် ဆန်တန်ချိန် နှစ်သိန်းကျော် တင်ပို့နိုင်ခဲ့ပြီး ကန်ဒေါ်လာ ၉၇ သန်းရရှိခဲ့ကာ တင်ပို့မှုကို လအလိုက်နှိုင်းယှဉ်ကြည့်ပါက ဩဂုတ်လသည် အများဆုံးတင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့ဆန်ကို နိုင်ငံပေါင်း ၃၀ သို့ ပင်လယ်ရေကြောင်းနှင့် ကုန်းလမ်းတို့မှတင်ပို့ခဲ့ပြီး ပင်လယ်ရေကြောင်းမှ မက်ထရစ်တန်ချိန် ၂၀၃,၄၁၉ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ မက်ထရစ်တန်ချိန် ၃၉၅၀ တန် တင်ပို့ခဲ့ကြောင်းသိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနေဖြင့် ဧပြီလတွင် ၁၁၁,၈၆၂ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၅ သန်း၊ မေလတွင် ၇၁,၂၇၉ ဒသမ ၅ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၆ သန်း၊ ဇွန်လတွင် ၁၆,၂၃၂,၅၇၅ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၄ သန်း၊ ဇူလိုင်လတွင် ၁၆၅,၄၄၄ ဒသမ ၃ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၁ သန်း၊ ဩဂုတ်လတွင် ၂၀၇၃၆၉ မက်ထရစ်တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၇ သန်း ရရှိထားသည်။

ယခင်ဘဏ္ဍာနှစ်တွင် ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၆ သန်း တင်ပို့မှုမှ ကန်ဒေါ်လာ ၈၄၅ သန်းရရှိခဲ့ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/

## ရှမ်းပြည်နယ်ထွက် လိမ္မော်သီးများ အခြားဒေသများသို့တင်ပို့ရန်ခက်ခဲနေ



လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ထွက်ရှိသည့် လိမ္မော်သီးများကို အခြားဒေသများသို့ တင်ပို့ရန်ခက်ခဲနေကြောင်း လိမ္မော်ခြံစိုက်တောင်သူများ၏ ပြောပြချက်အရ သိရသည်။

ယခုအချိန်သည် လိမ္မော်သီးပေါ်စအချိန်ဖြစ်သည့်အတွက် အခြားမြို့နယ်များသို့ တင်ပို့ရောင်းချမှသာ ဈေးကောင်းရရှိမည်ဖြစ်ကြောင်း၊ သို့သော်လမ်းခရီး၌ အစစ်အဆေးများပြားသည့်အပြင် သယ်ဆောင်ရန် မော်တော်ယာဉ်အခက်အခဲများပါ ရှိနေသောကြောင့် နယ်ဝေးပို့ရန် အဆင်မပြေမှုများ ရင်ဆိုင်နေရကြောင်း သိရသည်။

”အခက်အခဲတွေရှိတယ်။ အသီးကစပေါ်နေပြီ။ သူကတခြားနယ်မြို့တွေကို တင်ပို့ရောင်းချမှ အမြတ်ရတယ်။ ဈေးကောင်းရတယ်။ တောင်သူတွေအတွက်အဆင်ပြေတာပေါ့။ အခုကျတော့ ကုန်ကားသမားတွေလည်း မထွက်ကြဘူး”ဟု လိမ္မော်ခြံစိုက်သူတစ်ဦးကပေါ်ပြူလာနယူးစ်သို့ပြောသည်။

မြန်မာနိုင်ငံတွင် မန္တလေးတိုင်း၊ ပြင်ဦးလွင်၊ ထူးလိမ္မော်ခြံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ရပ်စောက်၊ ရွာငံ၊ ပင်လောင်း၊ ကလောမြို့နယ် ပလောင်တောင်ကျေးရွာနှင့် ကျောက်တလုံးကြီးမြို့ ထီခေါင်းကျေးရွာစသည်တို့တွင် လိမ္မော်ပင်များ စိုက်ပျိုးကြကြောင်းသိရသည်။

လိမ္မော်ကို ဖေဖော်ဝါရီလနှင့် မတ်လတွင်ပျိုးထောင်ပြီး ဇူလိုင်လနှင့်ဩဂုတ်လများတွင် ပင်မစိုက်ခင်းသို့ ရွှေ့ပြောင်းစိုက်ပျိုးကြကာ အောက်တိုဘာလနှင့်ဒီဇင်ဘာလများတွင် ထွက်ရှိကြောင်းသိရသည်။

လက်ရှိဈေးကွက်တွင် လိမ္မော်သီး(အကြီး) တစ်ပိဿာ ၄၀၀၀ ကျပ်နှင့် လိမ္မော်သီး(အသေး) တစ်ပိဿာ ၃၅၀၀ ကျပ်ဈေးဖြင့် ပွဲစားများက ခြံအထိလာရောက်ဝယ်ယူကြကြောင်း သိရသည်။ လိမ္မော်သီးကို ရန်ကုန်၊ နေပြည်တော်၊ မော်လမြိုင် စသည့်မြို့များသို့ အများဆုံး တင်ပို့ကြကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/

## ယခင်လိုင်စင်ရရှိထားပြီးဖြစ်သည့် ဆေးဝါးများ ဆက်လက်တင်သွင်းနေ

ဈေးကွက်အတွင်း နာမည်ကြီးဆေးဝါးအချို့ ပြတ်လပ်နိုင်သော်လည်း ယခင်လိုင်စင်ရရှိထားပြီးဖြစ်သည့် ဆေးဝါးများ တင်သွင်းနေသည့်အတွက် ဆေးဝါးများပြတ်လပ်နိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ၉ လဆက်တိုက် ဆေးဝါးများအတွက် သွင်းကုန်လိုင်စင်များ ယာယီရပ်ဆိုင်းခဲ့သည့်အတွက် ပြည်တွင်းဈေးကွက်၌ ဆေးဝါးများပြတ်လပ်မှုနှင့်ဈေးနှုန်းမြင့်တက်ခဲ့မှုများ ဖြစ်ပေါ်ခဲ့သည်။

ယခုအခါ ပြည်ပမှဆေးဝါးတင်သွင်းရန် လိုင်စင်ချထားပေးမှုကို ယခုနှစ်တွင် ပြန်လည်ထုတ်ပေးခဲ့ရာ ဆေးဝါးအချို့ဈေးကွက်အတွင်း ပြန်လည်ရရှိနေပြီဖြစ်ကြောင်းလည်း သိရသည်။ “နာမည်ကြီးဆေးတချို့ကတော့ ပြတ်ကောင်းပြတ်နိုင်တယ်။

TIR

ဒါပေမဲ့ အလားသဏ္ဍာန်တူတဲ့ဆေးတွေရှိတယ်။ သုံးစွဲသူပြည်သူတွေကလည်း ဒီဆေးဆို ဒီဆေးပဲ။ အရင်လိုင်စင်ချပေးထားတဲ့ ဆေးတွေကတော့ဝင်နေပါတယ်။ ဆေးပြတ်တာမျိုးမဟုတ်ဘူး။ အလားသဏ္ဍာန်တူတဲ့ဆေးတွေ ဝယ်ယူလို့ရပါတယ်"ဟု မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ပြင် ပြည်ပဆေးဝါးဝယ်ယူတင်သွင်းမှုကို ပို့ကုန်ရငွေတင်ပြနိုင်မှသာ ခွင့်ပြုမည်ဟု ကန့်သတ်လိုက်သလို လျှောက်ထားဆဲ ဆေးဝါးတင်သွင်းခွင့်လိုင်စင်များကိုလည်း ခွင့်ပြုခြင်းမရှိကြောင်း ဩဂုတ် ၂၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

ယင်းတွင် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းထံ ၂၀၂၃ အောက်တိုဘာလအတွင်း လျှောက်ထားခဲ့သည့် ဆေးကုမ္ပဏီ ၁၁၆ ခု၏ အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၈၂ သန်းတန်ဖိုးရှိ သွင်းကုန်လိုင်စင်လျှောက်လွှာများကိုလည်း အထက်ပါ မူဝါဒအသစ်ဖြင့် ပြန်လျှောက်ထားရမည်ဖြစ်ကြောင်းလည်းသိရသည်။ "အခုကတော့ စာလေးတစ်စောင်ပဲ ထွက်ထားသေးတာဆိုတော့ ပြောဖို့စောနေသေးတယ်။ နောက်ထပ်ညွှန်ကြားချက်တစ်စုံတစ်ရာထွက်လာတယ်ဆိုရင်တော့ ဘယ်ဟာတွေက အခက်အခဲရှိနိုင်လဲ၊ အဆင်ပြေနိုင်လဲဆိုတာ ပြောလို့ရတယ်။ အခုမှကျွန်တော်တို့လည်း ဆွေးနွေးနေတုန်းပဲ"ဟု ၎င်းက ဆက်လက်ရှင်းပြထားသည်။

"ဆေးနဲ့ပတ်သက်ပြီးတော့ထူးခြားတယ်။ Export လုပ်ပြီးသွားတာနဲ့ လိုင်စင်ကပ်လိုက်တာ ၊ ဆေးအတွက်ကို လိုင်စင်ရသွားတယ်။ တခြားပို့ကုန်နဲ့ပတ်သက်တဲ့ ကုန်ကြမ်းတွေသွင်းခွင့်က ထူးခြားမှုမရှိသေးဘူး။ ဆေးကတော့ ထူးခြားမှုရှိတယ်လို့ ပြောလို့ရတယ်"ဟု လုပ်ငန်းရှင်တစ်ဦးကပြောသည်။ မြန်မာ့ဆေးဝါးဈေးကွက်တွင် ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်ပနိုင်ငံများမှ တင်သွင်းနေခြင်းဖြစ်သည်။

**Source:** https://www.popularmyanmar.com/

## တစ်ပတ်တာ ဈေးကွက်သုံးသပ်ချက် (၂.၉.၂၀၂၄ မှ ၆.၉.၂၀၂၄)

**မတ်ပဲ**

မတ်ပဲကတော့ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးအနည်းငယ် မြင့်တက်ပါတယ်။ ပြည်တွင်း ငွေလဲလှယ်ဈေးနှုန်းတွေ ကျဆင်းသွားခဲ့ပေမဲ့ FOB ဈေးတွေ ပြန်မြင့်တက်လာခဲ့တဲ့အတွက် ပဲဈေးက မြင့်တက်နေတာဖြစ်ပါတယ်။ ပြည်တွင်းမှာတော့ လက်ရှိပဲဈေးအကျကိုစောင့်ပြီး အရောင်းအဝယ်ရှိနေတာဖြစ်တဲ့အတွက် အနည်းငယ်တော့အေးတယ်လို့ သိရပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ ပဲအသစ်တွေ အဝင်ရှိနေပေမဲ့ အရည်အသွေးပိုင်းဆိုင်ရာ အားနည်းတဲ့အပြင် ပွဲတော်ကြိုကာလအတွက် အဝယ်သွက်နေပါတယ်။ ဒါ့အပြင် အကျဈေးနဲ့ ဝယ်ယူမှုပြန်မြင့်တက်လာတဲ့အတွက် ဈေးကပြန်မြင့်တက်လာတာဖြစ်တယ်လို့ သိရပါတယ်။

မတ်ပဲ FOB ဈေးနှုန်းကတော့ တစ်တန်ကို ၉၀၀ မှ ၉၁၀ ဒေါ်လာပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဒေါ်လာ ၄၀ ဈေးမြင့်တက်လာပါတယ်။

ပြီးခဲ့တဲ့အပတ် သောကြာနေ့က ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲ (FAQ/RC)က တစ်တန်ကို ၃,၉၉၃,၀၀၀ ရှိခဲ့ပါ တယ်။ တနင်္လာနေ့မှာတော့ တစ်တန်ကို ၄,၀၁၈,၀၀၀ ၊ အင်္ဂါနေ့မှာတော့ တစ်တန်ကို ၄,၁၂၁,၀၀၀ ကျပ်၊ ဗုဒ္ဓဟူးနေ့မှာတော့ တစ်တန်ကို ၄,၀၉၀,၀၀၀ ၊ ကြာသပတေးနေမှာတော့ တစ်တန်ကို ၄,၀၁၉,၀၀၀ ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁၀,၀၀၀ ကျပ် ဈေးတက်ပါတယ်။

(SQ/RC) ကတော့ တစ်တန်ကို ၄,၄၃၉,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ သောကြာနေ့နဲ့ယှဉ်ရင် တစ်တန်ကို ၁၃၄,၀၀၀ ကျပ်ဈေးမြင့်ပါတယ်။ မတ်ပဲ Raw ကတော့ တစ်ပိဿာကို ၆၇၁၅ မှ ၆၇၅၀ ပေါက် ဈေးရှိပြီး တစ်ပိဿာကို ၁၀၀ ကျပ် ဈေးမြင့်တက်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ မတ်ပဲအသစ်က တစ်အိတ်ကို ၃၅၀,၀၀၀ မှ ၃၆၀,၀၀၀ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၃၀,၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

လက်ရှိ ပြည်တွင်းငွေလဲလှယ်နှုန်းဈေးက ပြင်ပပေါက်ဈေးက ၅၅၀၀ မှ ၅၆၀၀ ကြားရှိနေတယ်လို့ ဈေးကွက်အတွင်း စုံစမ်းသိရှိရပါတယ်။

**ကုလားပဲ**

ပို့ကုန်ပဲအများစု ဈေးမြင့်တက်နေပေမဲ့ ကုလားပဲကတော့ ဈေးကျဆင်းသွားပါတယ်။ ပို့ကုန်ပဲတွေ ဈေးမြင့်တက်နေတာဖြစ်တဲ့အတွက် အရောင်းအဝယ်အေးပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ကုလားပဲခြမ်းက ဈေးပြန်ကျပြီး တစ်ပိဿာကို ၆၆၇၅ မှ ၇၁၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၂၅ ကျပ်ဈေးကျဆင်းပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ 929 က တစ်အိတ်ကို ၂၉၀,၀၀၀ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ ကျပ်၊ ကုလားပဲ ထိုင်ဝမ်က တစ်အိတ်ကို ၂၇၅,၀၀၀ ရှိပြီး တစ်အိတ်ကို ၁၅,၀၀၀ ကျပ်၊ ကုလားပဲလုံး V2 က တစ်အိတ်ကို ၃၀၀,၀၀၀ ကျပ်ရှိပြီး တစ်အိတ်ကို ၁၅,၀၀၀ ကျပ် ဈေးအသီးသီးဈေး ကျဆင်းပါတယ်။ နယ်ဈေးကွက်တွေမှာလည်း ကုလားပဲတစ်အိတ်ကို ငွေကျပ် ၃၀၀၀ ကနေ ၅၀၀၀ ကြား ဈေး ပြန်ကျဆင်းသွားပါတယ်။

**ပဲပုပ်**

ဆက်တိုက်ဈေးမြင့်တက်နေတဲ့ ပဲပုပ်ကတော့ ဒီတစ်ပတ်မှာ ဈေးပြန်အေးသွားပါတယ်။ ဆီအတွက်အဝယ်တွေ ရှိနေတာဖြစ်လို့ အရောင်းအဝယ်ကတော့ ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲပုပ်(ဆီတိုး) တစ်ပိဿာကို ၆၃၃၀ မှ ၇၁၇၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ (အထွက်တိုး) ကတော့ တစ်ပိဿာကို ၆၁၆၅ မှ ၆၃၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၆၅ ကျပ်ဈေး မြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲပုပ်(ရှမ်း) က သုံးတင်းဝင် တစ်အိတ်ကို ၃၇၀,၀၀၀ ကျပ်မှ ၃၈၀,၀၀၀ ကျပ်ရှိပြီး တစ်အိတ်ကို ၁၀,၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။ ပဲပုပ်(ဗမာ)က တစ်အိတ်ကို ၃၇၀,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးမြင့်တက်ပါတယ်။

**စီပီပြောင်း**

ပြောင်းဈေးကတော့ ဈေးထပ်ပြီး မြင့်တက်ပါတယ်။ ငွေလဲလှယ်ဈေးနှုန်းအပါအဝင် ပြည်တွင်းသယ်ယူပို့ဆောင်စရိတ် မြင့်တက်လာတာ၊ လက်ကျန်လျော့နည်းလာတာ၊ ထိုင်းနိုင်ငံတင်ပို့မှုအတွက် ဝယ်ယူမှုများပြားတာတွေကြောင့် ဈေးကမြင့်တက်နေတာဖြစ်တယ်လို့ သိရပါတယ်။ ရန်ကုန်ဈေးကွက်မှာတော့ တစ်ပိဿာကို ၁၇၃၀ မှ ၁၇၅၀ ရှိပြီး အတက်ဈေးနဲ့ ဈေးငြိမ်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ စီပီပြောင်းက သုံးတင်းဝင် တစ်အိတ်ကို ၈၇,၀၀၀ မှ ၈၈,၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်ဈေးတက်ပါတယ်။ ရှမ်းပြောင်းကလည်း တစ်အိတ်ကို ၈၇၀၀ မှ ၈၈၀၀ ရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ် ဈေးတက်ပါတယ်။

**တရုတ်အာလူး**

တရုတ်အာလူးကတော့ ပြန်ပြီးဈေးမြင့်တက်ပါတယ်။ ပိဿာချိန် ၁ သောင်းကျော် နေ့စဉ်အဝင်ရှိနေပါတယ်။ ရှမ်းအာလူးတွေကတော့ ဈေးကွက်ထဲ အဝင်နည်းပါတယ်။ ရန်ကုန်ဈေးကွက်ထဲမှာတော့ တရုတ်အာလူးက တစ်ပိဿာကို ၆၀၀၀ ရှိပြီး တစ်ပိဿာကို ၅၀၀ ကျပ်ဈေးမြင့်တက်ပါတယ်။

**Source: AMIA**

https://htwettoe.com/download

## မိုးခေါင်မှုကြောင့် သက်ရောက်မှုရှိသော်လည်း ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ သကြားထွက်ရှိမှုသည် လုံလောက်ကြောင်း ထိုင်းကြံနှင့်သကြားဘုတ်အဖွဲ့ရုံးက ပြောကြားခဲ့

ယခုနှစ်အတွင်း ထိုင်းနိုင်ငံရှိ စက်မှုကဏ္ဍနှင့် အိမ်ထောင်စုများအတွက် သကြားထောက်ပံ့ပေးနိုင်မှု လုံလောက်ကြောင်း ထိုင်းကြံနှင့်သကြားဘုတ်အဖွဲ့ရုံးက ပြောကြားခဲ့သည်။

မိုးခေါင်မှုကြောင့် ထိုင်းနိုင်ငံနှင့် အခြားသောနိုင်ငံများတွင် ကြံထွက်ရှိမှု ကျဆင်းခဲ့သော်လည်း ထိုင်းနိုင်ငံအနေဖြင့် သကြားပြတ်လပ်မှုမကြုံတွေ့နိုင်ကြောင်း၊ ၂၀၂၃-၂၀၂၄ သီးနှံရာသီတွင် ပြည်တွင်းဈေးကွက်အတွက် သကြားလုံလောက်ပါကြောင်း၊ ယခုရာသီတွင် ကြံထွက်ရှိမှုသည် တန်ချိန် ၈၂ ဒသမ ၁ သန်းရှိသဖြင့် သကြား တန်ချိန် ၈ ဒသမ ၈ သန်းရရှိပါကြောင်း၊ အချို့ကို တင်ပို့သွားမည်ဖြစ်ကြောင်း ဘုတ် အဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Vivrit Viseshindh က ပြောကြားခဲ့သည်။

Khon Kaen Sugar Industry Plc (KSL) က ၂၀၂၄-၂၀၂၅ ရာသီတွင် ကြံတန်ချိန် သန်း ၉၀ မှ သန်း ၁၀၀ ကြား တိုးမြှင့်ထွက်ရှိရန် ခန့်မှန်းထားပြီး သကြားတန်ချိန် ၉ သန်းမှ ၁၀ သန်းကြား ထွက်ရှိနိုင်ပါကြောင်း၊ ထိုင်းနိုင်ငံတွင် သကြား စက်ရုံ ၅၇ ရုံရှိပါကြောင်း၊ ပြည်တွင်းသကြားဈေးကို စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထိန်းချုပ်ထားပြီး ၁ ကီလိုဂရမ်လျှင် ၂၇ ဘတ်မှ ၂၈ ဘတ် ကြားရှိပါကြောင်း၊ နိုင်ငံများရှိ ကြံစိုက်ပျိုးမှုတွင် မိုးခေါင်မှုကြောင့် ကမ္ဘာ့ထောက်ပံ့မှုကျဆင်းနိုင်ပြီး ကမ္ဘာ့ဈေးကွက်တွင် သကြားဈေးနှုန်းသည် ၃၀ ရာခိုင်နှုန်း မြင့်တက်နိုင်ကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းသည် ၁ ပေါင်လျှင် ၂၅ ဆင့်မှ ၂၆ ဆင့်ကြားရှိပြီး ၁၂ နှစ်တာကာလ အတွင်း အမြင့်ဆုံးဖြစ်ပါကြောင်း KSL ဥက္ကဋ္ဌ Mr. Chulush Chinthammit က ဖြည့်စွက်ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံးသကြားထုတ်လုပ်သူ ဘရာဇီးနိုင်ငံက သကြားဈေးနှုန်းမြင့်မားခြင်းမှ အကျိုးကျေးဇူးရရှိရန်အတွက် ဧပြီလမှစ၍ ကြံမှ အီသနော‌ထုတ်လုပ်မှုကိုလျှော့ချ၍ သကြားပိုမိုထုတ်လုပ်ကြောင်း သိရသည်။

**Source:** **www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ထိုင်းနိုင်ငံ၏ Soft Power ကို ပြသနိုင်ရန်အတွက် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ Times Square တွင် Ignite Thailand Festival ကို ကျင်းပပြုလုပ်ခဲ့ခြင်း

အမေရိကန်နိုင်ငံ၌ ထိုင်း အစားအစာ၊ ဖက်ရှင်နှင့် Soft Power ကို မြှင့်တင်ရန်ရည်ရွယ်၍ နယူးယောက်မြို့၊ Times Square တွင် Ignite Thailand Festival ကို ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကျင်းပခဲ့ကြောင်း သိရသည်။

ပြပွဲတွင် ထိုင်းနိုင်ငံမှ အရည်အသွေးမြင့်ထုတ်ကုန်များနှင့်တံဆိပ်များကို ပြသနိုင်ခဲ့သဖြင့် မှတ်ကျောက်တင်နိုင်ခဲ့ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနက လက်ခံကျင်းပခဲ့သည့်ပြပွဲသည် ထိုင်းယဉ်ကျေးမှုကိုပြသခဲ့ရုံသာမက ကမ္ဘာ့ဈေးကွက်တွင် ထိုင်းနိုင်ငံသည် ယုံကြည်ရပြီး တီထွင်ဆန်းသစ်သော ကုန်သွယ်ရေးမိတ်ဖက်ဖြစ်ကြောင်း နိုင်ငံ၏ ရပ်တည်မှုကိုပါ ပြသခဲ့ပါကြောင်း၊ နေထိုင်မှုပုံစံထုတ်ကုန်များ၊ အစားအစာနှင့် ဖက်ရှင်တွင် ထိုင်းနိုင်ငံ၏ဦးဆောင်မှုကို ပြသသော "Think Thailand, Next Level" လှုပ်ရှားမှုနှင့်လည်း ကိုက်ညီသည့် ပြပွဲဖြစ်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကမ္ဘာအနှံ့ရှိ အခြားသောမြို့များတွင်လည်း ယင်းကဲ့သို့ ပြပွဲများဆောင်ရွက်သွားရန်လျာထားပြီး လာမည့်လတွင် ယူကေ၌ ကျင်းပသွားရန်ရှိကြောင်း၊ ပြပွဲသည် ထိုင်းထုတ်ကုန်များနှင့်တံဆိပ်များကို နိုင်ငံတကာစင်မြင့်ထက်သို့ မြှင့်တင်နိုင်ရန် အခွင့်အလမ်းပေးပါကြောင်း အမြဲတမ်းအတွင်းဝန် Mr. Vuttikrai Leewiraphan က ပြောကြားခဲ့သည်။

ပြခန်း ၁၉ ခန်းဖြင့် ပြည်သူများသို့ပြသခဲ့ပြီး ဒီဇိုင်းကောင်းမွန်သော ထိုင်းဖက်ရှင်၊ နေထိုင်မှုပုံစံထုတ်ကုန်များ၊ မာမား ခေါက်ဆွဲခြောက်၊ Dek Somboon ပဲပုပ်ဆော့စ်၊ Chao Koh အုန်းနို့နှင့် Amphol Food အသီးရေခဲမုန့်တို့ပါဝင်ကြောင်း၊ ထိုင်းဟင်းများချက်ပြုတ်ပြသခဲ့ပြီး ကြော်ငြာဘုတ်တွင်လည်း ပြသခဲ့ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဆီအုန်းထုတ်ကုန်များ ပိုမိုယှဉ်ပြိုင်နိုင်မှုရှိစေရေး အင်ဒိုနီးရှားစိုက်ပျိုးသူများက အစိုးရမူဝါဒများ ပြုပြင်ပြောင်းလဲပေးရန် တောင်းဆို

အင်ဒိုနီးရှားစားအုန်းဆီအသင်း ဥက္ကဋ္ဌ Eddy Martono က “ကမ္ဘာ့ဈေးကွက်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းထုတ်ကုန်များ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် အစိုးရ၏မူဝါဒမှာ အရေးကြီးကြောင်း၊ နေကြာဆီကဲ့သို့ အခြားဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းထက် အင်ဒိုနီးရှား စားအုန်းဆီဈေးနှုန်းမှာ ဈေးပိုကြီးသည့်အတွက် အင်ဒိုနီးရှားဆီအုန်းထုတ်ကုန်များ အဓိကတင်ပို့လျက်ရှိသည့် တရုတ်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းမှုကို လျှော့ချခဲ့ကြောင်း၊ ဆီအုန်းဈေးနှုန်းမှာ အခြားဟင်းသီးဟင်းရွက်ဆီထက် ပိုဈေးကြီးသည့်အတွက် အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းမှုကိုလျှော့ချပြီး ဟင်းသီးဟင်းရွက်ဆီကို ပိုမိုတင်သွင်းကြောင်း” တရုတ်နိုင်ငံသို့ အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်ကျဆင်းမှုနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းမှုတွင် ပြောကြားခဲ့သည်။

“အစိုးရအနေဖြင့် ဆီအုန်းကဏ္ဍကို ကူညီထောက်ပံ့ရန်အတွက် ငွေကြေးမူဝါဒနည်းလမ်းကို အသုံးပြုနိုင်ကြောင်း၊ ဈေးနှုန်းကျဆင်းစေရန်အတွက် ဆောင်ရွက်နိုင်သည့် နည်းလမ်းများအနက် တစ်ခုမှာ အခွန်နှုန်းလျှော့ချပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ဆီအုန်းဈေးနှုန်းများ ပိုမိုယှဉ်ပြိုင်မှုရှိလာမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီ ဈေးကွက်တွင် စားအုန်းဆီက ၅၀ ရာခိုင်နှုန်းကျော် ဈေးကွက်ပိုင်ဆိုင်ထားပါက ဈေးကွက်ကိုထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ဆီအုန်းထုတ်ကုန်များသည် ဈေးကွက်ဝေစု ၅၀ ရာခိုင်နှုန်းကျော်ပိုင်ဆိုင်ထားပါက အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဈေးနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး နိုင်ငံအကျိုးရရှိစေရေး လိုသလိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့စားအုန်းဆီဈေးနှုန်းကို ရောင်းလိုအား၊ ဝယ်လိုအားနှင့်သတ်မှတ်လျက်ရှိပြီး ကမ္ဘာ့ဒုတိယအကြီးဆုံး ဆီအုန်းစိုက်ပျိုးသည့် မလေးရှားနိုင်ငံသည်လည်း ဈေးနှုန်းကို မသတ်မှတ်နိုင်ကြောင်း” Eddy Martono က ပြောကြားခဲ့သည်။

Statistics Indonesia ၏ အချက်အလက်များအရ အင်ဒိုနီးရှာနိုင်ငံ၏ စားအုန်းဆီကြမ်းနှင့် ဆီအုန်းထုတ်ကုန်တင်ပို့မှုမှာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် တန်ချိန် ၁ ဒသမ ၆၂ သန်းဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် တင်ပို့မှုမှာ တန်ချိန် ၂ ဒသမ ၇၅ သန်းဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၈ ဘီလီယံရရှိခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉ ဘီလီယံသာရရှိခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၎င်း၏စီးပွားရေးအရ အားသာချက်ရရှိထားသည့်၊ အဓိကတင်ပို့ကုန်ဖြစ်သည့် ဆီအုန်းနှင့် ဆီအုန်းထုတ်ကုန်များဖြင့် ကမ္ဘာ့ဈေးကွက်ကို လွှမ်းမိုးနိုင်ရေး ဆောင်ရွက်လာနိုင်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ရင်းမြစ်။ Indonesian Palm Oil Association**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

# STOCK EXCHANGE (9.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 9th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 8,900 | 734 | 6,605,700 | 33,109,694 | 297,987 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,400 | 343 | 1,183,300 | 38,929,150 | 134,306 |
| MCB | 00003 | 8,700 | -500 | -5.43% | 9,200 | 9,200 | 8,700 | 3 | 27,100 | 10,400,986 | 90,489 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,800 | 1,850 | 1,750 | 1,345 | 2,404,050 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 372 | 1,041,600 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 159 | 277,850 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 0 | 0 | 10,497,598 | 48,289 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 338 | 1,149,200 | 23,804,946 | 80,937 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 9th Sep. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.56 | -3.54 | -0.85% | 414.31 | 415.10 | 410.24 | 3,294 | 12,688,800 | 8 | 776,269 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 10:00 am, 10th Sep. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,368 (Shares) | 7,845,950 (MMK) |

| MYANPIX | 408.64 ▼ 2.92 |
|---|---|
| Total Volume (shares) | 2,368 |
| Total Value (MMK) | 8 mil |
| Listed Company | 8 |
| Market Cap. (MMK) | 770,769 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 8,700 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,350 | ▼ 50 |